အကြင်သူသည် အလ္လာဟ်အရှင်မြတ်အတွက်

ဗလီတစ်လုံးဆောက်လုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က

၎င်းအတွက် ဂျန္နသ်သုခဘုံ၌ထိုကဲ့သို့(အဆောင်တစ်ဆောင်)ဆောက်လုပ်ပေးတော်မူမည်။

မဟ်မူဒ်ဗင်န်လဗီးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အွတ်စ်မာန်ဗင်န်အဖ္ဖာန်(ရဿွိယလ္လာဟုအန်ဟု)သည် (မတ်စ်ဂျိဒ်နဗဝီ)ဝတ်ကျောင်းတော်ကို ပြန်လည်ဆောက်လုပ်ရန် ရည်ရွယ်သည့်အခါ လူများကထိုအကြံကို မနှစ်သက်ကြဘဲ ဝတ်ကျောင်းတော်ကို ယခင်အတိုင်းထားရှိရန်သာ
နှစ်သက်ကြသည်။ ထိုအခါ အွတ်စ်မာန်ဗင်န်အဖ္ဖာန်(ရဿွိယလ္လာဟုအန်ဟု)က
ပြောကြားသည်မှာ
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်ကို
ကျွန်ုပ်ကြားသိခဲ့သည်။ အကြင်သူသည် အလ္လာဟ်အရှင်မြတ်အတွက်
ဗလီတစ်လုံးဆောက်လုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က ၎င်းအတွက် ဂျန္နသ်သုခဘုံ၌ထိုကဲ့သို့(အဆောင်တစ်ဆောင်)ဆောက်လုပ်ပေးတော်မူမည်။
[صحيح] [متفق عليه]

အွတ်စ်မာန်ဗင်န်အဖ္ဖာန်(ရဿွိယလ္လာဟုအန်ဟု)သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ဗလီဝတ်ကျောင်းတော်အား မူလအဆောက်အဦးထက်ပိုမိုကောင်းမွန်သည့် အဆောက်အဦးအဖြစ် ပြန်လည်ဆောက်လုပ်ရန် ရည်ရွယ်သည့်အခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ခေတ်တွင်ရှိခဲ့သည့်
ဗလီအဆောက်အဦးပုံသဏ္ဌာန် ပြောင်းလဲသွားမည်ဖြစ်သည့်အတွက် လူတို့က မနှစ်သက်ခဲ့ကြပေ။ယခင်က ဗလီဝတ်ကျောင်းတော်သည် အုတ်ဖြင့်ဆောက်လုပ်ထားပြီး အမိုးမှာစွန်ပလွံပင်စည်နှင့်ဖြစ်သော်လည်း အွတ်စ်မာန်(ရဿွိယလ္လာဟုအန်ဟု)က ဗလီကိုကျောက်တုံးများ၊ အင်္ဂတေများနှင့် ဆောက်လုပ်ရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့်အွတ်စ်မာန်(ရဿွိယလ္လာဟုအန်ဟု)က ၎င်းတို့အား မိမိကြားသိခဲ့သည့်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ မိန့်ကြားချက်ကို ပြန်လည်ပြောပြခဲ့သည်။မည်သူမဆို ပြစားလိုစိတ်၊ ကျော်ကြားလိုစိတ်မပါဘဲအလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုကို ရည်စူးကာ ဗလီတစ်လုံးဆောက်လုပ်ခဲ့လျှင်အလ္လာဟ်အရှင်မြတ်က ၎င်းအား သူ၏လုပ်ရပ်ထက် ပိုကောင်းမြတ်သည့်အစားကိုပေးတော်မူမည်ဖြစ်သည်။ ထိုအစားမှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းအတွက်ဂျန္နသ်သုခဘုံ၌ထိုအတိုင်းပင်အဆောင်တစ်ဆောင်ဆောက်လုပ်ပေးတော်မူမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65089